SECURE LINK
IT SYSTEM AND TECHNOLOGY SERVICES PROVIDER

04-Dec-2020

# Applicant User Guide For Import Recommendation, Import/Export Health Certificate (Food)

# Table of Contents


1. မိတ်ဆက် ........ 3
2. စနစ်အတွင်း Login ဝင်ခြင်း ........ 3
3. Food Import/Export User Profile Data ........ 6
4. Food Dashboard ........ 9
5. Import Recommendation လျှောက်ထားခြင်း ........ 10
   - 5.1 Application Form ဖြည့်သွင်းခြင်း ........ 10
   - 5.2 Assessment Fees ပေးသွင်းခြင်း ........ 28
   - 5.3 လျှောက်လွှာအား Food Admin သို့ပေးပို့ခြင်း ........ 38
   - 5.4 Food Admin မှ အကြောင်းပြန်ကြားခြင်း ........ 38
6 Import Recommendation အား Download ရယူခြင်း ........ 48
7 Import Health Certificate Dashboard ........ 51
   - 7.1 Application Form ဖြည့်သွင်းခြင်း ........ 51
   - 7.2 Assessment Fees ပေးသွင်းခြင်း ........ 60
   - 7.3 လျှောက်လွှာအား Food Admin သို့ပေးပို့ခြင်း ........ 73
   - 7.4 Food Admin မှ အကြောင်းပြန်ကြားခြင်း ........ 73
   - 7.5 Import Health Certificate အား Download ရယူခြင်း ........ 87
8. Export Health Certificate Dashboard ........ 89
   - 8.1 Application Form ဖြည့်သွင်းခြင်း ........ 89
   - 8.2 လျှောက်လွှာအား Food Admin သို့ပေးပို့ခြင်း ........ 104
   - 8.3 Food Admin မှအကြောင်းပြန်ကြားခြင်း ........ 104
9. Export Health Certificate Download ရယူခြင်း ........ 112

# 1. မိတ်ဆက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ e-Submission System တွင် အစားအသောက်ဌာနခွဲနှင့် ပတ်သက်၍ အောက်ပါ ထောက်ခံချက် လျှောက်ထားမှုများကိုပြုလုပ်နိုင်မည်ဖြစ်ပါသည်။

(က) ပြည်တွင်းလုပ်ငန်းထောက်ခံချက်

(ခ) သွင်းကုန်ထောက်ခံချက် (Import Recommendation)

(ဂ) သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate)

(ဃ) ပို့ကုန်ကျန်းမာရေးထောက်ခံချက် (Export Health Certificate)

ယခုလက်စွဲသည် အဆိုပါ ထောက်ခံချက်များအား eSubmission စနစ်အသုံးပြု လျှောက်ထားပုံအဆင့်ဆင့်အား ဖော်ပြထားသည့်လက်စွဲဖြစ်ပါသည်။

# 2. စနစ်အတွင်း Login ဝင်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့် Certificate နှင့် Recommendation များအား Online အသုံးပြုလျှောက်ထားရန် FDA ၏ Online Service Portal သို့ဝင်ရောက်ရပါမည်။

Computer မှတစ်ဆင့် Browserကို ဖွင့်ပါ။ Figure (2.1) တွင် ဖော်ပြထားသည့်အတိုင်း Browser ၏ Address Bar တွင် FDA ၏ Online Service Portal ဖြစ်သော *esubmission.fda.gov.mm* ဆိုသည့် URL ကို ရိုက်ထည့်ရပါမည်။ ရိုက်ထည့်ပြီးလျှင် Figure (2.2) တွင် ပြသထားသည့်အတိုင်း Login Page ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ကျလာသည့် Login Page တွင် Account Registration ပြုလုပ်ခဲ့စဉ်က ဖြည့်သွင်းခဲ့သော Email နှင့် Password အား ရိုက်ထည့်၍ Login Button အား နှိပ်ရပါမည်။ အကယ်၍ Account Registration ပြုလုပ်ထားခြင်းမရှိသေးပါက Login Page ရှိ User Manual Guide Link အား နှိပ်၍ Guide For User Registration Manual တွင် ဖော်ပြထားသည့် Account Registration ပြုလုပ်ပုံ အဆင့်ဆင့် လမ်းညွှန်ချက်များအတိုင်း ဦးစွာ Account Register ပြုလုပ်ရပါမည်။ ပြီးမှသာ Figure (2.2) တွင် ဖော်ပြထားသည့် အဆင့်များအတိုင်း စနစ်အတွင်းဝင်ရောက်ရပါမည်။




Figure 2.1: Entering FDA Online Service Portal's URL




**Figure 2.2: Login Page**

စနစ်အတွင်း Login ဝင်လိုက်ပါက Figure (2.3) တွင် ဖော်ပြထားသည့်အတိုင်း လျှောက်ထားနိုင်သည့် Service Type များ (Food၊ Cosmetic၊ Medical Device) အားတွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုမှ တစ်ဆင့် Food ကို နှိပ်၍ Food Dashboard သို့ ဝင်ရောက်ရပါမည်။




**Figure 2.3: Main Dashboard**

Food Dashboard သို့ရောက်ရှိပါက Figure (2.4) တွင် ပြထားသည့်အတိုင်း Import/Export နှင့် Local Manufacturer User Data ကိုသာ ဦးစွာတွေ့မြင်ရမည်ဖြစ်ပြီး အစားအသောက် တင်သွင်း တင်ပို့ ထုတ်လုပ်ခြင်းများအတွက် Certificate/Recommendation လျှောက်ထားနိုင်သည့် အပိုင်းများအား တွေ့မြင်ရမည်မဟုတ်သေးပါ။



Figure 2.4: Food Dashboard

## 3. Food Import/Export User Profile Data

Import Recommendation၊ Import Health Certificate နှင့် Export Health Certificate လျှောက်ထားလိုသူများအနေဖြင့် အဆိုပါ Application များ မလျှောက်ထားမီ Figure (2.4) တွင် ပြသထားသည့် Import/Export မှ တစ်ဆင့်ဝင်ရောက်၍ လိုအပ်သည့် အချက်အလက်များ ဦးစွာမဖြစ်မနေဖြည့်သွင်းရပါမည်။

Figure (3.1) တွင် ပြသထားသည့်အတိုင်း အချက်အလက်ဖြည့်သွင်းရမည့် Form အားတွေ့မြင်ရပါမည်။ Company Details၊ Company Point of Contacts၊ Store/Warehouse Information ဟူ၍ အပိုင်း (၃) ပိုင်းပါဝင်ပါသည်။ Company Details ဖြည့်သွင်းရသည့်အပိုင်းတွင် Company Name၊ Company Address နှင့် Company Registration No တို့သည် Account Registration ပြုလုပ်ခဲ့စဉ်က DICA ဘက်မှ စနစ်အချင်းချင်း ချိတ်ဆက်ရယူထားသောအချက်အလက်များအား Auto ဖြည့်သွင်းပေးထားခြင်းဖြစ်ပြီး ပြင်ဆင်ခွင့်မရှိပါ။ အဆိုပါအချက်အလက်များအား ပြင်ဆင်လိုပါက DICA ၏ MyCo စနစ်သို့ ဝင်ရောက်ပြင်ဆင်ရမည်ဖြစ်ပြီး MyCo တွင်ပြင်ဆင်ပြီးပါက FDA eSubmission စနစ်တွင်ပါ အဆိုပါ ပြင်ဆင်လိုက်သောအချက်အလက်များ အလိုအလျှောက်ပြောင်းလဲ သွားမည်ဖြစ်ပါသည်။ ကျန်အချက်အလက်များအား လျှောက်ထားသူမှ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ ပြီးလျှင် Save အားနှိပ်ပါ။




Figure 3.1: Company Details

Company Point of Contact ဖြည့်သွင်းရသည့်အပိုင်းတွင် Figure (3.2) တွင် ပြသထားသည့်အတိုင်း FDA Food Control Division မှ လိုအပ်ပါက ဆက်သွယ်ရန် Company မှ တာဝန်ပေးအပ်ထားသူများ၏ အချက်အလက်များအား ဖြည့်သွင်းပြီး Add အား နှိပ်ရပါမည်။ တစ်ယောက်ထက်ပို၍ တာဝန်ပေးထားပါက ထပ်မံဖြည့်သွင်း၍ Add အားနှိပ်ပါ။ ဖြည့်သွင်းပြီးသော အချက်အလက်များအား ပြင်ဆင်လိုပါက Edit အားနှိပ်၍ ပြင်ဆင်နိုင်ပါသည်။ ဖြည့်သွင်းပြီးသောအချက်အလက်များအား ပယ်ဖျက်လိုပါက Delete အား နှိပ်၍ ပယ်ဖျက်နိုင်ပါသည်။




Figure 3.2: Company Point of Contacts

Figure (3.3) Store/Warehouse Information ဖြည့်သွင်းသည့်အပိုင်းတွင် Warehouse Address အားမှန်ကန်စွာဖြည့်သွင်းထားရန်လိုအပ်ပါသည်။ IR၊ IHC၊ EHC လျှောက်ထားသည့်အပိုင်းများတွင် ဤအဆင့်တွင်ဖြည့်သွင်းခဲ့သော Warehouse Address များဖြင့်သာ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ကျန်အချက်များဖြည့်သွင်း၍ Add အား နှိပ်ပါ။ Warehouse တစ်ခုထက်ပိုမိုရှိပါက Add အားနှိပ်၍ ထပ်မံဖြည့်သွင်းနိုင်ပါသည်။ ဖြည့်သွင်းပြီးသော Warehouse အချက်အလက်များအား ပယ်ဖျက်လိုပါက Delete အားနှိပ်ရပါမည်။ အပိုင်း (၃) ပိုင်းလုံးအား ဖြည့်သွင်းပြီးပါ က Submit အားနှိပ်ပါ။




**Figure 3.3: Store/Warehouse Information**

ဖြည့်သွင်းထားသော Import Export Profile Data များအား ပြန်လည် ပြင်ဆင်လိုပါက Figure (3.4) တွင် ပြသထားသည့်အတိုင်း User Setting မှ တစ်ဆင့် ဝင်ရောက်၍ Update Food Import/Export User Data အားနှိပ်ပြီး ဆောင်ရွက်နိုင်ပါသည်။






**Figure 3.4: Import/Export User Data Update**

## 4. Food Dashboard

Import/Export User Profile Data များအား ဖြည့်သွင်းပြီးသည့်အချိန်မှသာ Food Dashboard တွင် အစားအသောက် တင်သွင်း/တင်ပို့ခြင်းနှင့် သက်ဆိုင်သည့် Certificate/ Recommendation လျှောက်ထားနိုင်သည့်အပိုင်းများအား Figure (4.1) တွင် ဖော်ပြထားသည့်အတိုင်း တွေ့မြင်ရမည်ဖြစ်ပါသည်။




Figure 4.1: Food Dashboard

# 5. Import Recommendation လျှောက်ထားခြင်း

## 5.1 Application Form ဖြည့်သွင်းခြင်း

Import Recommendation လျှောက်ထားရန်အတွက် Figure (5.1.1) တွင် ပြသထားသည့်အတိုင်း Food Dashboard ရှိ Import Recommendation အားနှိပ်ရပါမည်။




Figure 5.1.1: Import Recommendation

Import Recommendation အားနှိပ်လိုက်ပါက Figure(5.1.2) တွင်ပြထားသည့်အတိုင်း Import Recommendation Dashboard အားတွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါ Dashboard တွင် အခြေအနေ(၄) မျိုးဖြင့်တွေ့မြင်နိုင်ပါသည်။

(1) Submission

(2) Downloadable Area

(3) Submission Status

(4) Valid IR Data Entry တို့ဖြစ်သည်။




Figure 5.1.2: Import Recommendation Dashboard

Import Recommendation လျှောက်ထားရန်အတွက် Figure (5.1.3) တွင် ဖော်ပြထားသည့်အတိုင်း Submission အောက်ရှိ New Application အားနှိပ်ပါ။




**Figure 5.1.3: Import Recommendation Dashboard**

New Application တွင် Figure (5.1.4) တွင် ဖော်ပြထားသည့်အတိုင်း အပိုင်း (၄) ပိုင်းပါဝင်ပါသည်။

(1) IR Form

(2) Food Profile

(3) Food Characteristics

(4) Attachments တို့ဖြစ်ပါသည်။




Figure 5.1.4: IR Application Form

### (1) IR Form

Figure (5.1.5) တွင် ဖော်ပြထားသည့်အတိုင်းမိမိလျှောက်ထားလိုသည့် အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပါ။ (*) ပြထားသော အချက်အလက်များသည် မဖြစ်မနေဖြည့်သွင်းရမည့်အချက်အလက်များဖြစ်ပါသည်။

လျှောက်ထားလိုသော အစားအသောက်သည် Net Content/ Net Weight နှင့် Type and Size of Packaging အကွဲများရှိပါက ပုံတွင်ပြထားသည့်အတိုင်း Plus Button အားနှိပ်၍ ထပ်မံဖြည့်သွင်းနိုင်ပါသည်။

မိမိ IR လျှောက်ထားလိုသော အစားအသောက် အပေါ်မူတည်၍ Food Category အား ပုံတွင် ပြထားသည့်အတိုင်း List မှ မှန်ကန်စွာရွေးချယ်ရပါမည်။ မိမိရွေးချယ်လိုက်သော Food Category ပေါ်မူတည်၍ သက်ဆိုင်ရာ Sub Category Level 1 မှ Level 3 အထိ အဆင့်ဆင့်ဆက်လက်ကျလာမည်ဖြစ်ပြီး ကျလာသည့် List များမှ မိမိလျှောက်ထားလိုသော အစားအသောက်နှင့် အနီးစပ်ဆုံး ကိုက်ညီသည့် Sub Category များအား ရွေးချယ်ရပါမည်။ ရွေးချယ်ခဲ့သည့် Category နှင့် Sub Category Level 1 သည် Sub Category Level 2၊ Sub Category Level 3 အထိ ထပ်မံ ခွဲခြားထားခြင်းမရှိသည့် အမျိုးအစားဖြစ်ပါက Level 1 ရွေးချယ်ပြီးသည်နှင့် ထပ်မံ ရွေးချယ်စရာ List များကျလာမည်မဟုတ်ပါ။

မိမိလျှောက်ထားလိုသော FDA ရုံးတည်နေရာအား ရွေးချယ်ရပါမည်။ အကယ်၍ လျှောက်ထားသူအနေဖြင့် Yangon ကို ရွေးချယ်ခဲ့ပါက Application အား Submit လုပ်လိုက်သည့်အချိန်တွင် Yangon FDA ရုံး၊ Food Control Division ရှိ စစ်ဆေးအတည်ပြုပေးမည့် တာဝန်ရှိသူများထံသို့ လျှောက်လွှာရောက်ရှိသွားမည်ဖြစ်ပါသည်။ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပြီးလျှင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားပါသည် ဆိုသည့် Checkbox အား အမှန်ခြစ်၍ Save Draft အား နှိပ်ရပါမည်။









Figure 5.1.5: Fill IR Form

Save Draft အားနှိပ်လိုက်ပါကအချက်အလက်ဖြည့်သွင်းမှုအောင်မြင်လျှင် Figure (5.1.6) တွင် ပြသထားသည့်အတိုင်း **Save the Draft** Message အား အမှန်ခြစ်ဖြင့် တွေ့မြင်ရမည်ဖြစ်ပါသည်။ OK အား နှိပ်ပါ။ ပြီးလျှင် ကျန် အပိုင်းများ ဆက်လက်ဖြည့်သွင်းရန် Figure (5.1.5) တွင် ပြထားသည့်အတိုင်း Next ကို နှိပ်ပါ။




Figure 5.1.6: Successfully Save the IR Form

## (2) Food Profile

Figure (5.1.7) တွင် ပြသထားသည့်အတိုင်း Food Storage Condition အား ရွေးချယ်ဖြည့်သွင်းပြီး Save ကို နှိပ်ပါ။ Food Ingredients များအား Label တွင် ဖော်ပြထားသည့်အတိုင်း မှန်ကန်စွာဖြည့်သွင်း၍ Add ကို နှိပ်ပါ။ Ingredients ရှိသလောက် ထပ်မံဖြည့်သွင်း၍ Add ကို နှိပ်ပါ။




Figure 5.1.7: Fill Food Profile

မိမိလျှောက်ထားသော စားသောက်ကုန်တွင် Food Additive များပါဝင်ပါက Figure (5.1.8) ပြထားသည့်အတိုင်း Add နှိပ်၍ ပါဝင်သည့်အမျိုးအစားရှိသလောက် ဖြည့်သွင်းသွားရပါမည်။ ထိုသို့ဖြည့်သွင်းရာတွင် ပုံတွင်ပြထားသည့်အတိုင်း Name of Additive သော်လည်းကောင်း၊ Code Number သော်လည်းကောင်း စတင်ရိုက်ထည့်နိုင်ပါသည်။ Common ဖြစ်သော Additive များဖြစ်ပါက စနစ်အတွင်းမှ Filter ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ရှိခဲ့လျှင် Name ရိုက်လျှင် Code Number အလိုအလျောက်ကျလာမည်ဖြစ်ပြီး၊ အပြန်အလှန်အားဖြင့် Code ရိုက်လျှင်လည်း Name ကျလာမည်ဖြစ်ပါသည်။ Labelling Information ဖော်ပြချက်များ ရှိပါက ရွေးချယ်၍ Save နှိပ်ပါ။ Allergen Information ဖော်ပြချက်များ ရှိခဲ့ပါကလည်း ရွေးချယ်၍ Save နှိပ်ပါ။




Figure 5.1.8: Fill Food Profile

Nutrition Information ဖော်ပြချက်များရှိခဲ့ပါကလည်း Figure (5.1.9) တွင်ပြသထားသည့်အတိုင်း သက်ဆိုင်ရာ အကွက်များတွင် ဖြည့်သွင်းရပါမည်။




Figure 5.1.9: Fill Food Profile

အကယ်၍ မိမိလျှောက်ထားလိုသော စားသောက်ကုန်တွင် ဖော်ပြချက်တွင် မပါဝင်သော Nutrition များရှိခဲ့ပါက ပုံတွင်ပြထားသည့်အတိုင်း Add Other အားနှိပ်၍ ဖြည့်စွက်ထည့်သွင်းနိုင်ပါသည်။ Add

Other အားနှိပ်လျှင် Figure (5.1.10) တွင် ပြသထားသည့်အတိုင်းကျလာမည်ဖြစ်ပြီး ဖြည့်သွင်းပြီးလျှင် Save အား နှိပ်ပါ။




**Figure 5.1.10: Fill Food Profile**

ထည့်သွင်းမှုအောင်မြင်လျှင် Figure (5.1.11) တွင် ပြသထားသည့်အတိုင်း **Successfully Save Nutrition** Message အား တွေ့မြင်ရပါမည်။ ပြီးလျှင် Next အားနှိပ်ပါ။




**Figure 5.1.11: Success Message for Saving Nutrition**

## (3)Food Characteristics

ဆက်လက်၍ Food Characteristics နှင့် ပတ်သက်သည့်အချက်အလက်များအား ဖြည့်သွင်းရမည်ဖြစ်ပါသည်။ Figure (5.1.12) တွင် ပြသထားသည့်အတိုင်း Chemical Parameters များဖြည့်သွင်း၍ Add အားနှိပ်ရပါမည်။ Chemical Parameter အမျိုးအစားရှိသလောက် Add နှိပ်၍ ထပ်မံဖြည့်သွင်းနိုင်ပါသည်။ ထည့်သွင်းပြီးသော Parameter တစ်ခုချင်းစီအား ပယ်ဖျက်လိုပါက Delete အားနှိပ်ပါ။ ဌာနမှ Technical Terms များလိုအပ်လျှင်ရှင်းရန်




**Figure 5.1.12: Fill Food Characteristics (Chemical Parameters)**

Figure (5.1.13) တွင် ပြသထားသည့်အတိုင်း Microbiological Parameters များရှိပါကလည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမျိုးအစားရှိသလောက် ထည့်သွင်း၍ Add အားနှိပ်၍ ဖြည့်သွင်းနိုင်ပါသည်။ ဌာနမှ Technical Terms များလိုအပ်လျှင်ရှင်းရန်




**Figure 5.1.13: Fill Food Characteristics (Microbiological Parameters)**

အခြား Parameter များ ရှိခဲ့ပါကလည်း Figure (5.1.14) တွင် ပြသထားသည့်နေရာမှာ ဖြည့်သွင်း၍ Add နှိပ်ပါ။ ဌာနမှ Technical Terms များလိုအပ်လျှင်ရှင်းရန် ပြီးလျှင် နောက်အဆင့်သို့သွားရန် Next ကို နှိပ်ပါ။




Figure 5.1.14: Fill Food Characteristic (Others Parameters)

## (3) Attachments

ဆက်လက်၍ Figure (5.1.15) တွင် ပြသထားသည့်အတိုင်း လျှောက်လွှာပါ အချက်အလက်များနှင့် တွဲတင်ရမည့် Documents များအား စနစ်အတွင်း Upload ပြုလုပ်ရမည့် အပိုင်းဖြစ်ပါသည်။




Figure 5.1.15: File Attachments

Figure (5.1.16) တွင် ပြသထားသည့်အတိုင်း Food Safety Certificates အနည်းဆုံး (၁) ခု Upload ပြုလုပ်ရပါမည်။ ဦးစွာ ပုံတွင် ပြထားသည့် မိမိ Upload ပြုလုပ်လိုသည့် Food Safety

Certificates အမျိုးအစားအား ရွေးချယ်ပါ။ ပြီးလျှင် Browse အားနှိပ်၍ Upload ပြုလုပ်မည့် File အား ရွေးချယ်ပါ။ ပြီးလျှင် Upload အားနှိပ်ပါ။




Figure 5.1.16: File Attachments (Certificates)

Upload ဆောင်ရွက်မှုအောင်မြင်ပါက Figure (5.1.17) တွင် ဖော်ပြထားသည့်အတိုင်း **Successfully Added** Message အား တွေ့မြင်ရပါမည်။ **OK** အား နှိပ်ပါ။




Figure 5.1.17: Attachments (Upload Success)

Upload ဖြည့်သွင်းလိုက်သော File အား Figure (5.1.18) တွင် ဖော်ပြထားသည့်အတိုင်း တွေ့မြင်ရမည်ဖြစ်ပြီး ပြန်လည်ကြည့်ရှုလိုပါက Certificate File အားနှိပ်၍ ပြန်လည်ကြည့်ရှုနိုင်ပါသည်။ ပယ်ဖျက်လိုပါက Delete အားနှိပ်ရပါမည်။




Figure 5.1.19: File Attachments (Delete Uploaded File)

အကယ်၍ နောက်ထပ် Food Safety Certificates များအား Upload ပြုလုပ်ရန်ရှိပါက အထက်အဆင့်များအတိုင်း ဆောင်ရွက်၍ Upload အားနှိပ်ပါ။ Other Certificates များ Upload ပြုလုပ်သည့်ပုံစံသည်လည်း အတူတူပင်ဖြစ်ပါသည်။

Essential Documents များ Upload ပြုလုပ်သည့်အပိုင်းတွင် (*) ပြသထားသော Documents များသည် မဖြစ်မနေ Upload ပြုလုပ်ရမည့် စာရွက်စာတမ်းများဖြစ်ပါသည်။ Figure (5.1.20) တွင် ပြသထားသည့် Documents အားလုံးသည် အမျိုးအစား (၁) ခုလျှင် File (၁) ဖိုင်သာ Upload ပြုလုပ်လို့ရပါမည်။ Browse နှိပ်၍ Upload ပြုလုပ်လိုသည်များ ရွေးချယ်ပြီးပါက Upload Attachments အား နှိပ်ပါ။




Figure 5.1.20: File Attachments (Essential Documents)

Upload ပြုလုပ်မှုအောင်မြင်ပါက Figure (5.1.21) တွင် ပြသထားသည့်အတိုင်း **Upload the Attachments** Message အား တွေ့မြင်ရပါမည်။ OK ကို နှိပ်ပါ။




**Figure 5.1.21: File Attachments (Successfully Upload The Attachments)**

အထက်တွင်ဖော်ပြထားသော Documents များမဟုတ်သည့် အခြား Documents များ လျှောက်လွှာနှင့် အတူ တွဲတွင်ရန်ရှိခဲ့ပါက Figure (5.1.22) တွင် ပြသထားသည့်အတိုင်း တွဲတင်မည့် Document သည် မည်သည့်စာရွက်စာတမ်းဖြစ်သည်ကို ဖော်ပြပေးရန် Please Specify Attachment Type နေရာတွင် သင့်လျော်သည့် အမည် ရိုက်ထည့်ပါ။ ပြီးလျှင် Browse နှိပ်၍ File ရွေးချယ်ပြီး Upload အားနှိပ်ပါ။ ထပ်မံတွဲတင်ရန်ရှိပါက ဖော်ပြပါအဆင့်များအတိုင်း ထပ်မံလုပ်ဆောင်နိုင်ပါသည်။ Upload ပြုလုပ်ပြီးသော File များအားပြန်လည်ကြည့်ရှုခြင်း၊ ပယ်ဖျက်ခြင်းများသည် အားလုံး အတူတူပင်ဖြစ်ပါသည်။

**Figure 5.1.22: File Attachments (Other Attachments)**



အဆိုပါ အဆင့်ပြီးလျှင်ဖြည့်သွင်းရမည့် အချက်အလက်များ အားလုံးပြည့်စုံပြီဖြစ်သည်။ လိုအပ်လျှင် သက်ဆိုင်ရာ Figure (5.1.23) တွင် ဖော်ပြထားသည့် Tab တစ်ခုချင်းစီအား နှိပ်၍ ဖြည့်သွင်းခဲ့သည့် အချက်အလက်များအား ပြန်လည် ပြင်ဆင်နိုင်ပါသည်။




Figure 5.1.23: Checking Application Data

အားလုံးမှန်ကန်ပါက Figure (5.1.24) တွင် ဖော်ပြထားသည့်အတိုင်း **Pay Assessment Fees** Button ပေါ်လာပါမည်။




Figure 5.1.24: Pay Assessment Fees

## 5.2 Assessment Fees ပေးသွင်းခြင်း

Pay Assessment Fees Button အားနှိပ်လိုက်ပါက Figure (5.2.1) တွင် ဖော်ပြထားသည့်အတိုင်း Assessment Fees ပေးချေရမည့်အပိုင်းသို့ရောက်ရှိမည်ဖြစ်ပါသည်။ ကျလာသည့် Payment Preview တွင် ပေးချေရမည့် Assessment Fees ပမာဏ ၊ Bank Services Fees နှင့် ePayment ဖြင့် ပေးချေနိုင်သော Payment Option များအား (Master, Visa Card, JCB, UnionPay, MPU နှင့် CBPay စသည်) တွေ့မြင်ရပါမည်။ မိမိပေးချေလိုသော Payment Method အားရွေးချယ်၍ Pay အား နှိပ်ရပါမည်။ ဥပမာ Visa Card ဖြင့် ငွေပေးချေမည်ဆိုလျှင် Visa ကိုရွေး၍ Pay ကိုနှိပ်ပါ။




Figure 5.2.1: Payment Preview

Figure (5.2.1) တွင် ပြသထားသည့်အတိုင်း မိမိကဒ်အမျိုးအစားပေါ်မူတည်၍Credit or Debit Card သို့မဟုတ် UnionPay ကိုရွေးချယ်ပါ။




Figure 5.2.2: Payment Details

Figure (5.2.3) တွင် ပြသထားသည့်အတိုင်း Card Number, Expiry Month, Expiry Year, Card Holder Name, Security Code တို့ကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်းပါ။ ဖြည့်သွင်းပြီးလျှင် Confirm Payment ကို အမှန်ခြစ်ပါ။ ပြီးလျှင် Pay now ကို နှိပ်ပါ။




Figure 5.2.3: Payment

ထို့နောက် **Figure(5.2.4)** တွင်ပြထားသည့်အတိုင်း One Time Passcode (OTP) နေရာတွင် OTP code ဖြည့်ပါ။ အဆိုပါ OTP Code သည် Visa Card လျှောက်ထားစဉ်က ဖြည့်သွင်းခဲ့သော Email သို့မဟုတ် Phone SMS သို့ ရောက်ရှိနေမည်ဖြစ်သည်။




**Figure 5.2.4: Fill OTP Code**

Figure (5.2.4) တွင်ပြသထားသည့်အတိုင်း Payment အောင်မြင်ပါက **Authentication successful** Message ပေါ်လာမည်ဖြစ်သည်။




**Figure 5.2.4: Authentication Successful**

Master, JCB နှင့် Union Pay တို့ဖြင့် ငွေပေးချေမည်ဆိုပါကလည်း အထက်တွင်ဖော်ပြခဲ့သည့် Visa Card နှင့် ငွေပေးချေသည့်အဆင့်များအတိုင်း အတူတူပင်ဖြစ်သည်။

CBPay ဖြင့် ငွေပေးချေလိုပါက Figure (5.2.5) တွင်ပြထားသည့်အတိုင်း CBPay အားရွေးချယ်၍ Pay အားနှိပ်ရပါမည်။




**Figure 5.2.5: Payment Preview**

Figure (5.2.6) တွင်ဖော်ပြထားသည့်အတိုင်း QR Code အားတွေ့မြင်ရမည်ဖြစ်ပါသည်။




**Figure 5.2.6: Payment QR Code**

မိမိ ဖုန်းတွင်ရှိသော CBPay App အားဖွင့်ပါ။ ပြီးလျှင် Figure (5.2.6) တွင်ပြထားသည့်အတိုင်း Pay ကိုနှိပ်ပါ။




Figure 5.2.6: CBPay

ပြီးလျှင် Figurer (5.2.7) တွင်ပြထားသည့်အတိုင်း QR Code Scan ဖတ်ရန် **SCAN QR CODE** ကို နှိပ်ပါ။




Figure 5.2.7: Scan QR Code

ပြီးလျှင် QR Code အား Figure (5.2.8) တွင်ပြထားသည့်အတိုင်း သတ်မှတ်ထားသည့် ဘောင်အတွင်း ဝင်အောင် Scan ဖတ်ရပါမည်။




Figure 5.2.8: Scan QR Code

ငွေပေးချေမှုအောင်မြင်ပါက Figure (5.2.9) တွင်ပြထားသည့်အတိုင်း Payment Success ဖြစ်သည့် Message အားတွေ့မြင် နိုင်မည် ဖြစ်သည်။ Close ကိုနှိပ်၍ပိတ်နိုင်ပါသည်။




Figure 5.2.9: Success Message

Figure (5.2.10) တွင်ပြထားသည့်အတိုင်း ငွေပေးချေထားသည့် Receipt အား စနစ်မှရယူလိုပါက Receipt Download Link မှတစ်ဆင့် ဝင်ရောက်ရယူနိုင်ပါသည်။




Figure 5.2.10: Import Recommendation Dashboard

Figure (5.2.11) တွင် Figure (5.2.12) တွင်ပြထားသည့်အတိုင်း Download link ကိုနှိပ်၍ Payment Receipt အား Download ရယူနိုင်ပါသည်။



Figure 5.2.11: Application lists

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Ministry of Health and Sports
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
Department of Food and Drug Administration

**Payment Receipt**

Application Type : New

Application No : IR-02/2020/YGN/000001

| | |
|---|---|
| Bank Transaction Date | 02-12-2020 |
| Business Name(Registration No) | te3st |
| Business Address | kk |
| Food Name | X7B3oDZBV3 |
| Brand Name | KaiwKAU8mN |
| Invoice No. | 1606886117549759 |
| Card Type | VISA |
| Assement Fees | 0MMK |
| Bank Service Fees | 500MMK |
| Total Amount | 515MMK |

Figure 5.2.12: Download Receipt

## Drafts

Applicant ဖြည့်သွင်းဆဲအဆောင်များ၊ အားလုံးဖြည့်သွင်းပြီး Assessment Fees မပေးချေရသေးသော အဆောင်များအား Figure (5.2.13) တွင် ပြထားသည့်အတိုင်း Drafts List တွင် တွေ့မြင်ရပါမည်။




Figure 5.2.13: Import Recommendation Dashboard

Figure (5.2.14) တွင်ပြထားသည့်အတိုင်း New Application ကိုနှိပ်လျှင် အသစ်လျှောက်ထားရန် ဖြည့်သွင်းထားသော Application List အားတွေ့မြင်ရမည်ဖြစ်ပြီး Renew Application ကိုနှိပ်လျှင်သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးလျှောက်ရန် ဖြည့်သွင်းဆဲ Application List ကို တွေ့မြင်ရပါမည်။




Figure 5.2.14: Application List

Draft အနေနှင့် ရှိနေသော Application များအား ဆက်လက်ဖြည့်သွင်းလိုပါက Figure (5.2.15) နှင့် Figure (5.2.16) တွင်ပြထားသည့်အတိုင်း  Resume Button ကိုနှိပ်၍ ပြန်လည်ပြင်ဆင်နိုင်ပါသည်။




Figure 5.2.15: Application List




Figure 5.2.16: Edit Application Form

Figure (5.2.17) တွင်ပြထားသည့်အတိုင်း မိမိဖြည့်သွင်းထားသော Application အချက်အလက်များအား ပြန်လည်ကြည့်ရှုလိုပါက Show ကိုနှိပ်၍ ကြည့်နိုင်ပါသည်။ ဖျက်လိုလျှင် Delete ကိုနှိပ်၍ဖျက်နိုင်ပါသည်။




**Figure 5.2.17: Application List**

## 5.3 လျှောက်လွှာအား Food Admin သို့ပေးပို့ခြင်း

Payment ပေးချေမှုအောင်မြင်ပါက ဖြည့်သွင်းထားသော Application သည် FDA Food Control Division မှ Import Recommendation ထုတ်ပေးမည့် တာဝန်ရှိသူများထံသို့ ရောက်ရှိသွားပြီဖြစ်ပြီး ဌာနမှ စိစစ်ခြင်းများ စတင်လုပ်ဆောင်သွားပါမည်။

## 5.4 Food Admin မှ အကြောင်းပြန်ကြားခြင်း

Food Admin ဘက်မှ Applicant User ဆီသို့အကြောင်းပြန်ကြားရာတွင် ဖော်ပြပါ အခြေအနေ(၄) မျိုးဖြင့် Submission Status တွင် တွေ့မြင်နိုင်ပါသည်။

(1) Rejected Application

(2) Auto Cancelled Application

(3) Incomplete Application

(4) Application in Progress တို့ဖြစ်ပါသည်။

**(1) Rejected Application**

Figure (5.4.1) တွင်ပြထားသည့်အတိုင်း Rejected Application Link ကိုနှိပ်လျှင် ဌာနမှ Reject လုပ်ထားသည့် Application list များကိုတွေ့မြင်နိုင်ပါသည်။




**Figure 5.4.1: Import Recommendation Dashboard**

Figure (5.4.2) တွင်ပြထားသည့်အတိုင်း **New Application** ကိုနှိပ်လျှင် Import Recommendation လျှောက်ထားသော လျှောက်လွှာအသစ်များအပေါ် ဌာန မှ Reject လုပ်ထားသည့် Application List များကိုတွေ့မြင်ရမည်ဖြစ်ပြီး **Renew Application** ကိုနှိပ်လျှင်သက်တမ်းကုန်ဆုံး၍ ပြန်လည်လျှောက်သော Application အပေါ် ဌာနမှ Reject လုပ်ထားသည့် Application List များကိုတွေ့မြင်နိုင်မည်ဖြစ်သည်။




**Figure 5.4.2: Application Lists**

Figure (5.4.3) နှင့် Figure (5.4.4) တွင်ပြထားသည့်အတိုင်း Show ကိုနှိပ်၍ Application အချက်အလက်များကိုအသေးစိတ်ကြည့်ရှုနိုင်ပါသည်။




**Figure 5.4.3: Show Application Lists**



IR-RZezfDphwP/2020/YGN/000001

| | |
|---|---|
| Importer Name | te3st |
| Importer Address | NO(123), st.9, Phakant, , Kachin, Myanmar |
| Name Of Food | Test Food Name 3 |
| Brand Name | Test Brand Name 3 |
| Type of Primary Packaging Material | Glass Bottle |
| Manufacturer Name ( Company ) | Test Manufacture Name |
| Address ( Manufacturing Factory Address ) | blbcfeqzML,Oda3VnCLiw,QPkUk5n0tF,KfG22Ue833,a8dJsReQEG,United States |
| Packer Name ( if any ) | A0Ye7nTGr5 |
| Packer Address ( if any ) | knkRe0rBc6,Oda3VnCLiw,QPkUk5n0tF,KG2ZXgBlbz,5kwLdm0U3A,Afghanistan |
| Distributor Name ( if any ) | RmHDF2U4M0 |
| Distributor Address ( if any ) | ByX0szLcpc,Oda3VnCLiw,QPkUk5n0tF,ZaaTRBBKSJ,DB5vqseTRb,Angola |

**Figure 5.4.4: View Details**

**(2) Auto Cancelled Application**

Figure (5.4.5) တွင်ပြထားသည့်အတိုင်း မိမိလျှောက်ထားသော Application နှင့် ပတ်သက်၍ လိုအပ်ချက်ရှိ၍ ဌာနမှ ပြန်လည်တောင်းခံထားမှုအပေါ် သတ်မှတ်ရက်အတွင်း ပြန်လည် ပြင်ဆင်၍ Resubmit မလုပ်ပါက အဆိုပါ Applications များအား စနစ်မှ အလိုအလျှောက် Auto Cancel ဆောင်ရွက်သွားမည်ဖြစ်ပြီး Auto Cancelled Application List တွင်တွေ့မြင်ရပါမည်။




Figure 5.4.5: Import Recommendation Dashboard

(3) Incomplete Application

Figure (5.4.6) တွင်ပြထားသည့်အတိုင်း ဌာနဘက်မှ Applicant ဖြည့်သွင်းထားသော အချက်အလက်များနှင့်ပတ်သက်၍ ပြည့်စုံမှန်ကန်ခြင်းမရှိပါက Incomplete အဖြစ်သတ်မှတ်၍ လိုအပ်ချက်များအား ပြန်လည်တောင်းခံထားပါက အဆိုပါ Application များအား Incomplete Application Lists တွေ့မြင်ရပါမည်။




Figure 5.4.6: Import Recommendation Dashboard

Figure (5.4.7) တွင်ပြထားသည့် Message ကိုနှိပ်၍ ဌာနမှ ပြန်လည်တောင်းခံထားသည့် အချက်များအား ကြည့်ရှုနိုင်ပါမည်။ Incomplete Message အား Figure (5.4.8) အတိုင်း တွေ့ပါမည်။




Figure 5.4.7: Application Lists




Figure 5.4.8: Incomplete Message

Figure (5.4.9) နှင့် Figure (5.4.10) တွင်ပြထားသည့်အတိုင်း Resume button ကိုနှိပ်၍ Application အားပြန်လည်ပြင်ဆင်နိုင်ပါသည်။




Figure 5.4.9: Application List

ပြန်လည်ပြင်ဆင်ပြီးပါက Figure (5.4.10) တွင် ပြထားသည့်အတိုင်း Resubmit နှိပ်၍ Application ကိုပြန်လည်ပေးပို့နိုင်ပါသည်။




Figure 5.4.10: Edit Application Form

ပေးပို့မှုအောင်မြင်ပါက Figure (5.4.11) တွင်ပြထားသည့်အတိုင်း Message ပေါ်လာမည်ဖြစ်သည်။




Figure 5.4.11: Message Alert Box

### (4) Application in Progress

Figure (5.4.12) တွင်ပြထားသည့်အတိုင်း Submit (သို့မဟုတ်) Resubmit လုပ်လိုက်သော Application list အား ပြန်လည် ကြည့်ရှုလိုပါက Application in Progress Link တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။




**Figure 5.4.12: Import Recommendation Dashboard**

Figure (5.4.13) တွင်ပြထားသည့်အတိုင်း New Application ကိုနှိပ်လျှင် IR Application အသစ်လျှောက်ထား submit လုပ်လိုက်သော Application list များကိုတွေ့မြင်နိုင်မည်ဖြစ်သည်။

Incomplete Application ကိုနှိပ်လျှင် လျှောက်ထားသူဖြည့်သွင်းပြီး၍ resubmit လုပ်လိုက်သော Application list များကိုတွေ့မြင်နိုင်ပါသည်။

Renew Application ကိုနှိပ်လျှင် သက်တမ်းကုန်ဆုံး၍ Application ပြန်လည်လျှောက်ထားသူ submit လုပ်လိုက်သော Application list များကိုတွေ့မြင်နိုင်ပါသည်။

Incomplete Renew Application ကိုနှိပ်လျှင် သက်တမ်းကုန်ဆုံး၍ Application ပြန်လည်လျှောက်ထားသူ resubmit လုပ်လိုက်သော Application list များကိုတွေ့မြင်နိုင်ပါသည်။




Figure 5.4.13: In Progress Application Lists

Figure (5.4.14) နှင့် Figure (5.4.15) တွင်ပြထားသည့်အတိုင်း Show ကိုနှိပ်၍ Application များကိုအသေးစိတ် ကြည့်ရှုနိုင်မည်ဖြစ်သည်။




Figure 5.4.14: Show Application List



IR-02/2020/YGN/000003

| | |
|---|---|
| Importer Name | te3st |
| Importer Address | NO(123), st.9, Phakant, , Kachin, Myanmar |
| Name Of Food | Owwb4Clydi |
| Brand Name | xJlh3BWvAj |
| Type of Primary Packaging Material | Multilayer Pouch |
| Manufacturer Name ( Company ) | oigvVE0XpW |
| Address ( Manufacturing Factory Address ) | ,,,CW7z7iordC,taPb3TcrwX,United States |
| Packer Name ( if any ) | Ag11G3A1vg |
| Packer Address ( if any ) | YBV2CqEcv7,AX03znEFdr,N3HZk8wtPr,ALphUyauGj,ZgUvxwit0S,Afghanistan |
| Distributor Name ( if any ) | M8WzlIHx4b |
| Distributor Address ( if any ) | rUmkYMhCHW,UUbzQ4y2q9,HlhClvpuLk,CxAiGnfy82,2zWRQgFHUX,Canada |

**Figure 5.4.15: Application View Detail**

# 6 Import Recommendation အား Download ရယူခြင်း

ဌာနမှ Applicant လျှောက်ထားသော IR New Application အပေါ် စိစစ်၍ Approve ပေးလိုက်ပါက Figure (6.1) တွင်ပြထားသည့် Import Recommendation Dashboard ရှိ Downloadable Area အောက်ရှိ Certificate Download Link မှ တစ်ဆင့် ဝင်ရောက်ရယူနိုင်ပါသည်။ ကျလာသည့် Application List တွင် Download အား နှိပ်၍ ဌာနမှ Approve ပေးလိုက်သော Import Recommendation အား Figure (6.2) တွင် ပြသထားသသည့်အတိုင်း ဝင်ရောက် Download ရယူနိုင်ပါသည်။




Figure 6.1: Import Recommendation Dashboard



The Government of the Republic of the Union of Myanmar
Ministry of Health and Sports
Department of Food and Drug Administration

အစားအသောက်သွင်းကုန်ထောက်ခံချက်
Food Import Recommendation

ထောက်ခံချက်အမှတ် : IR-F/2001-NPW/000003

| | |
|---|---|
| တင်သွင်းလုပ်ငန်းအမည် (Importer Name) : te3st | လျှောက်လွှာအမှတ် : Application No dsfsdf |
| | ကုမ္ပဏီမှတ်ပုံတင်အမှတ် : Company Registration No 113050942 |
| တင်သွင်းလုပ်ငန်းလိပ်စာ (Importer Address) : NO(123) , st.9, Phakant , Mohnyin , Kachin , Myanmar | လျှောက်ထားရက်စွဲ : Application Date 28-12-2020 |

It is recommended that the above business can import the food product herein, with the compliance of enacted National Food Law.

**Product Code :** GU113050942Vero ipsum adipisic0009

**Brand Name :** Jacobson and Mercado Associates

**Name Of Food :** Graham and Bird Plc

**Manufacture Name :** Hogan and Lloyd Co

**Type & Size of Packaging :** Perry and Rivera Co

**Manufacture Address :** Davidson and Sheppard Plc , Cain Rice Plc , Johns and Mathis Trading , Dudley William Traders , Duffy Macias Associates , Western Sahara

| Initial Issued Date : | Approval Date : | Expired Date : |
|---|---|---|
| 29-08-2001 | 29-08-2001 | 30-07-1992 |

**Remark :**

**Distributor Name :** Watkins and Sheppard LLC

**Distributor Address :** Cohen and Keller Co , Mckenzie and Garner Trading , Medina Lamb Plc , Harris and Frazier Associates , Berger and Bender Traders , Cameroon

**Manufactured For / Brand Owner Name :** Gallegos Hawkins LLC

**Manufactured For / Brand Owner Address :** Knight and Noble Plc , Richard and Dixon Plc , Callahan and Medina Trading , Miranda and Nixon Co , Terry Donaldson Plc , Cape Verde

Figure 6.2: Download Certificate

# 7 Import Health Certificate Dashboard

## 7.1 Application Form ဖြည့်သွင်းခြင်း

Import Health Certificate လျှောက်ထားရန်အတွက် Figure (7.1.1) တွင် ပြသထား သည့်အတိုင်း Food Dashboard ရှိ Import Health Certificate အားနှိပ်ရပါမည်။




Figure 7.1.1: Food Dashboard

Import Health Certificate အားနှိပ်လိုက်ပါက Figure (7.1.2) တွင် ပြသထားသည့်အတိုင်း Import Health Certificate Dashboard အားတွေ့မြင်ရပါမည်။ အဆိုပါ Dashboard တွင် ကဏ္ဍ (၄) ခုအားတွေ့မြင်ရပါမည်။

(1) Submission

(2) Submission Status

(3) Sample Submission

(4) Downloadable Area တို့ဖြစ်ပါသည်။




Figure 7.1.2: Import Health Certificate Dashboard

Submission

Submission တွင် ကဏ္ဍ(၂) ခုပါဝင်ပါသည်။

(1) Pre-Arrival Notification

(2) Drafts တို့ဖြစ်ပါသည်။

(1)Pre-Arrival Notification

IHC Application လျှောက်ထားရန်အတွက် Figure (7.1.3) တွင်ပြထားသည့်အတိုင်း New Application Link အားဝင်ရပါမည်။




Figure 7.1.3: Import Recommendation Dashboard

